# အပတ်စဉ်ထုတ်ပြန်ချက် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှ မတ်လ ၆ ရက်နေ့အထိ

အကျဉ်းချုပ်

လူ့အခွင့်အရေး ချိုးဖောက်မှုများ

မြန်မာနိုင်ငံတွင်းမှ ပဋိပက္ခများ

နေ့စွဲအလိုက် မှတ်တမ်းများ

လူ့ အ ခွင့် အ ရေး မှတ် တမ်း ကွန် ရက် ( မြန် မာ နိုင် ငံ )

အပတ်စဉ်ထုတ်ပြန်ချက်ကြည့်ရန်

# အကျဉ်းချုပ်

၁,၆၀၃+ သတ်ဖြတ်ခံရ

၁,၂၅၃၄+ ဖမ်းဆီးခံခဲ့ရ

၉,၅၀၇+ ချုပ်နှောင်ခံထားရဆဲ

၁,၉၇၃+ ဖမ်းဝရမ်းထုတ်ခံရ

## မြန်မာလူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများနှင့် အရပ်ဘက်အဖွဲ့အစည်းများသည် ရုရှား၏ကျူးကျော်ခြင်းခံရသော ယူကရိန်းနှင့် အတူရှိကြောင်း ထောက်ခံအားပေးခဲ့သည်။

ယူကရိန်းနိုင်ငံ၏ အချုပ်အချာအာဏာ၊ လွတ်လပ်မှုနှင့် တည်တံ့ခိုင်မြဲမှုကို ခြိမ်းခြောက်သော ရုရှား၏ အကြမ်းဖက်တိုက်ခိုက်မှုများအတွက် မြန်မာလူ့အခွင့်အရေးလှုပ်ရှားသူများနှင့် အရပ်ဘက်အဖွဲ့အစည်းတို့မှ မိမိနိုင်ငံ၏ ငြိမ်းချမ်းရေးအတွက် ခုခံကြိုးပမ်းနေသော ယူကရိန်း ပြည်သူများနှင့် စည်းလုံးညီညွတ်စွာ ရပ်တည်လျက်ရှိကြောင်း အားပေးတိုက်တွန်းသည့်စာ ထုတ်ပြန်ခဲ့သည်။ အမျိုးသားညီညွတ်ရေးအစိုးရ NUG မှ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ယူကရိန်းနှင့် ၎င်း၏ပြည်သူ များအပေါ် ဆင်နွှဲလာသည့် စစ်ပွဲကို ရှုတ်ချကြောင်း ထုတ်ပြန်ခဲ့ပြီး ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကို လိုက်နာရန် တောင်းဆိုခဲ့သည်။

တစ်သားထဲရှိကြောင်း အားပေးတိုက်တွန်းသည့်စာ ထုတ်ပြန်ခဲ့သည်။ အမျိုးသားညီညွတ်ရေးအစိုးရ NUG မှ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ယူကရိန်းနှင့် ၎င်း၏ပြည်သူများအပေါ် ဆင်နွှဲလာသည့် စစ်ပွဲကို ရှုတ်ချကြောင်း ထုတ်ပြန်ခဲ့ပြီး ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကို လိုက်နာရန် တောင်းဆိုခဲ့သည်။

မတ်လ ၂ ရက်နေ့တွင် ကျင်းပခဲ့သော ကုလသမဂ္ဂလုံခြုံရေး ကောင်စီ၏ အထူးအရေးပေါ်အစည်းအဝေးတွင် ရုရှားတပ်များကို ယူကရိန်းမှ ချက်ချင်း ပြန်လည် ရုပ်သိမ်းပေးရန် တောင်းဆိုသည့် ဆုံးဖြတ်ချက်အတွက် မဲခွဲဆုံးဖြတ်ရာတွင် ထောက်ခံမဲ တခဲနက်ပေးခဲ့ကြသည်။ အကြမ်းဖက်စစ်အာဏာရှင်မှ ဖယ်ရှားရန် ကြိုးပမ်းနေသည့် မြန်မာ ကိုယ်စားလှယ် ဦးကျော်မိုးထွန်းသည် ထောက်ခံမဲပေးသူများထဲတွင် ပါဝင်ခဲ့သည်။

တစ်ချိန်တည်းတွင်ပင် ရုရှားနိုင်ငံအနေဖြင့် နိုင်ငံရဲ့အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစေရန် လုပ်ဆောင်ခဲ့သည် လုပ်ဆောင်ချက်ဖြစ်ကြောင်းစစ်အာဏာရှင်မှ ထောက်ခံပြောဆိုခဲ့သည်။ အဆိုပါ ရပ်တည်ချက်သည် ကမ္ဘာနှင့်အဝှမ်း လုံးဝဆန့်ကျင်ဘက်ဖြစ်ပြီး မြန်မာစစ်တပ်နှင့် အာဏာရှင်ခေါင်းဆောင်များကြား ခိုင်မာသော ဆက်ဆံရေး ရှိနေသည်။ ဆန့်ကျင်ဘက်အားဖြင့် ရုရှားအရာရှိများသည် မြန်မာနိုင်ငံ၏ စစ်တပ်အာဏာသိမ်းမှုကို ချီးကျူးခဲ့ကြပြီး အပြစ်မဲ့ အရပ်သားများကို သတ်ဖြတ်ရန် အသုံးပြုခဲ့သည့် လက်နက်များ ပေးအပ်ခြင်းဖြင့် ၎င်းတို့၏ ထောက်ခံမှုကို ပြသခဲ့ကြသည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လေကြောင်းဖြင့်တိုက်ခိုက်မှုတွင် ရုရှားလုပ် Mi–25 တိုက်ခိုက်ရေး ရဟတ်ယာဉ်များဖြင့် ပစ်ခတ်ခဲ့သည်။

> အရပ်သားပြည်သူများသည် ရုပ်သေးရုပ်မဟုတ်ကြောင်း မြန်မာနှင့်ယူကရိန်း နိုင်ငံသားတို့၏ ဆန့်ကျင်တွန်းလှန်မှုဖြင့် ဖော်ပြသနေသည်။

မြန်မာနှင့် ယူကရိန်းနိုင်ငံသားတို့၏ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် အသံများကို အကြမ်းဖက် နှိမ်နင်းနေသော စစ်အာဏာရှင်ခေါင်းဆောင်များ၏ လုပ်ဆောင်မှုများကို နှိုင်းယှဉ်မှုများ ရှိသည်။ သို့သော်လည်း မြန်မာနှင့် ယူကရိန်းပြည်သူများ၏ ခုခံတော်လှန်မှုသည် အကာအကွယ်ပေးရမည့် အခြေခံလွတ်လပ်မှုနှင့် အခွင့်အရေးများ အချဉ်းနှီးဖြစ်ခြင်းထက်  အရပ်သားများသည် ရုပ်သေးများမဟုတ်ကြောင်းနှင့် ဗုံးကြဲခြင်း၊ ခြိမ်းခြောက်မှုများနှင့် မတည်မငြိမ်ဖြစ်စေမှုများသည်  စိတ်ဓာတ်ကို ပြောင်းလဲစေနိုင်ခြင်း မရှိကြောင်းပြနေသည်။  လူပုဂ္ဂိုလ် နှစ်ဦးစလုံးသည် ပြည်သူ့ဆန္ဒကို လုံးဝလျှော့တွက်ခဲ့ကြသည်။

မြန်မာနိုင်ငံသားများသည် ယူကရိန်းအကျပ်အတည်းကို ကမ္ဘာက ရည်ရွယ်ချက်ရှိရှိ၊ အရေးတကြီး တုံ့ပြန် ဆောင်ရွက်နေခြင်းနှင့် လူ့အခွင့်အရေးနှင့် အကာအကွယ်ပေးရေးကို အားပေးထောက်ခံနေသော်လည်း  နိုင်ငံတကာအသိုင်းအဝိုင်းမှ  မြန်မာပြည်သူတို့၏ အကျပ်အတည်းကို တုံ့ပြန်ရာတွင် နှေးကွေးသောကြောင့် စိတ်ပျက်နေကြရသည်။

# လူ့အခွင့်အရေးချိုး ဖောက်မှုများ

ရမ်းသမ်းပစ်ခတ်ခြင်း
အတင်းအဓမ္မ ပြောင်းရွှေ့စေခြင်း
သတ်ဖြတ်ခြင်း

**ကရင်ပြည်နယ်၊ မူတြော်ခရိုင်** – ဘားအံအခြေစိုက် စစ်တပ်စခန်းမှ ကလောဒေးကျေးရွာ၊ မဲ့ကလေကျေးရွာအုပ်စု၊ ဘူးသိုမြို့နယ်၊ မူတြော်မြို့နယ်အတွင်းသို့ အမြောက်ဖြင့်ပစ်ခတ်မှုကြောင့် ဒေသခံ ၄ ဦးထိခိုက်ဒဏ်ရာရပြီး ၇ ဦးသေဆုံးခဲ့သည်။ ဒဏ်ရာရသူတစ်ဦးမှာ စိုးရိမ်ရသည့် အခြေအနေတွင်ရှိနေသည်။

**ဖလမ်းမြို့နယ် လမ်တီကျေးရွာ**–နေရပ်သို့ပြန်လာသော အသက် ၂၃ နှစ်အရွယ်လူငယ်တစ်ဦးသည် အကြမ်းဖက်စစ်တပ်၏ တားဆီးခြင်းကို ခံရပြီးညှဉ်ပမ်းနှိပ်စက်သတ်ဖြတ်ခံခဲ့ရသည်။ ၎င်း၏ရုပ်အလောင်းအား မစွန့်ပစ်မီ မျက်စိနှင့်လည်ချောင်းများကို ဓါးဖြင့်ခွဲထားခဲ့သည်။

**စစ်ကိုင်းတိုင်း ဒေသကြီး သဗြဲကျေးရွာ**– အကြမ်းဖက်စစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုနှင် နေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့ပြီးနောက် ဒေသခံရွာသား ၂ ဦး သေဆုံးခဲ့သည်။

**ရန်ကုန်** – ငြိမ်းချမ်းစွာဆန္ဒပြခဲ့သော လူငယ် ၄ ဦးကို နိုင်ငံတော်ပုန်ကန်မှုဖြင့် ထောင်ဒဏ် ၃ နှစ်ချမှတ်ခဲ့သည်။

**စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်** – အသက် ၃ နှစ်မှ ၁၂ နှစ်ကြား ကလေး ၈ဝ ကျော်နှင့် ဆရာ ၁ဝ ဦးကို အကြမ်းဖက်စစ်တပ်မှ ဓားစာခံအဖြစ် ဖမ်းဆီးခဲ့သည်။ တစ်ရွာလုံးကိုလည်း ဖျက်ဆီးခဲ့သည်။ အမျိုးသားညီညွတ်ရေး အစိုးရ NUG လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသမီး၊ လူငယ်နှင့် ကလေးသူငယ်ရေးရာ ဝန်ကြီးဌာန တို့မှ အကြမ်ဖက်စစ်တပ်၏ လုပ်ရပ်အပေါ် ပြင်းထန်စွာ ရှုတ်ချကြောင်း ထုတ်ပြန်ခဲ့သည်။ ကရင်နီ(ကယား) ပြည်နယ်အပါအဝင် မြန်မာနိုင်ငံတဝှမ်း အရပ်သားများကို ပစ်မှတ်ထားသော လေကြောင်းဖြင့် တိုက်ခိုက်မှုများ တိုးလာနေသည်။

# မြန်မာနိုင်ငံတွင်းမှ ပဋိပက္ခများ

ဇန်နဝါရီ ၃၁ ရက်အထိ ခန့်မှန်း လူဦးရေ ၄၄၁,၅၀၀ သည် မြန်မာနိုင်ငံတွင်းတွင် တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးနေရဆဲဖြစ်သည်။

## ကရင်နီ (ကယား)ပြည်နယ်

ကရင်နီလူ့အခွင့်အရေးအဖွဲ့ (KnHRG) ၏ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၈ ရက်နေ့အထိ နောက်ဆုံးရသတင်း ထုတ်ပြန်ချက်အရ အရပ်သား ရှစ်ဦး သေဆုံးခဲ့ပြီး အိမ်ခြေ ၁၀၀ နီးပါး မီးလောင်ဆုံးရှုံးခဲ့သည်။

**ထပ်မံဖတ်ရှုရန်**

## စစ်ကိုင်းတိုင်းဒေသကြီး

အကြမ်းဖက်စစ်တပ်သည် ရှုံးနိမ့်မှုများကို ဆက်တိုက်ရင်ဆိုင်နေရသောကြောင့် အရပ်သားပြည်သူတို့၏ အိုးအိမ်များ၊ ကျေးရွာများကို ရက်ရက်စက်စက် အကြမ်းဖက်တိုက်ခိုက်သည့်အပြင် ကလေးသူငယ်များကိုပါ ဓါးစာခံအဖြစ် အသုံးချခဲ့သည်။

**ထပ်မံဖတ်ရှုရန်**

## ရှမ်းပြည်နယ်

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၂၀၂၂ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် လေကြောင်းတိုက်ခိုက်မှုနှင့်တိုက်ပွဲများကြောင့် အမျိုးသမီးများနှင့် ကလေးသူငယ်အများစု ပါဝင်သော စစ်ဘေးရှောင်များတိုးလာနေသည်။

**ထပ်မံဖတ်ရှုရန်**



# ကရင်နီ (ကယား)ပြည်နယ်

ကရင်နီလူ့အခွင့်အရေးအဖွဲ့ (KnHRG) ၏ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၈ ရက်နေ့အထိ နောက်ဆုံးရသတင်း ထုတ်ပြန်ချက်အရ အရပ်သား ရှစ်ဦး သေဆုံးခဲ့ပြီး အိမ်ခြေ ၁၀၀ နီးပါး မီးလောင်ဆုံးရှုံးခဲ့သည်။ အရပ်သား ၁၆ ဦး ထက်မနည်း ဖမ်းဆီးခံခဲ့ရပြီး အတင်းအဓမ္မ ပျောက်ကွယ်သွားကာ ရွာသားများကို ပစ်မှတ်ထားကာ အပြစ်မဲ့သူများကို ဆက်တိုက် တိုက်ခိုက်မှုများ ပြုလုပ်နေသည်။ မြန်မာနိုင်ငံ၏ အသေးငယ်ဆုံးသော ပြည်နယ်တစ်ဝှမ်းတွင် ရွှေ့ပြောင်းတိမ်းရှောင်သူ ၁၇၀,၀၀၀ ကျော်ရှိပြီး ပြည်သူ ၁၅,၀၀၀ ထပ်ဆင့် ထွက်ပြေးတိမ်းရှောင် နေကြရသည် ။ ပိုမိုဆိုးရွားလာသည့်အခြေအနေများကြောင့် ကမ္ဘာလုံးဆိုင်ရာ လက်နက်ရောင်းချမှု ပိတ်ဆို့ရေးနှင့် မပျံသန်းရေးဇုန် သတ်မှတ်ပေးရန် တောင်းဆိုမှုများကြားတွင် စစ်ပြေးဒုက္ခသည်များ ပိုမို များပြားလာမည်ဖြစ်ကြောင်း KnHRG မှ ခန့်မှန်းခဲ့သည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ) (ND-Burma)နှင့် ကရင်နီလူ့အခွင့်အရေးအဖွဲ့ (KnHRG) တို့သည် “ကမ္ဘာကြီး သိပါစေ” ဆိုသည့် စစ်တပ်မှ စစ်ရာဇဝတ်မှု ကျူးလွန် ချိုးဖောက်သည့် အထောက်အထားများကို အသေးစိတ် ဖော်ပြထားသည့် အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။

ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်မှ ထုတ်ပြန်ခဲ့သော ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ်အတွင်း အကြမ်းဖက်စစ်အာဏာရှင်၏ ချိုးဖောက်မှုများ အကျဉ်းတွင် အရပ်သား ၂၀၀ ကျော်သေဆုံးကာ ၊ ဖမ်းဆီးခံရသူ ၂၈၃ ဦး နှင့် ထိခိုက်ဒဏ်ရာရသူ ၁၇၅ ဦးရှိကြောင်း သိရသည်။ လွိုင်ကော်မြို့နယ်တွင် ထွက်ပြေးတိမ်းရှောင်ရသူ ၅၀၀၀၀ ကျော်နှင့် ဒီမောဆိုမြို့နယ်တွင် ၇၀၀၀၀ နီးပါး ရှိသည်။

စစ်ဘေးရှောင်များစွာ နေထိုင်နေသည့် လိုဘာခိုကျေးရွာကို အကြင်နာတရားကင်းမဲ့သည့် အကြမ်းဖက်စစ်တပ်မှ လေယာဉ်ဖြင့် ဗုံးကြဲမှုများ ပြုလုပ်ခဲ့သည်။ လေကြောင်း တိုက်ခိုက်မှုများပြုလုပ်စဉ် စစ်ဘေးရှောင် ၃၀၀၀ ခန့်ရှိနေပြီး ဆေးခန်းနှင့် အဆောက်အဦး အနည်းငယ် ပျက်စီးခဲ့သည်။ ပြီးခဲ့သည့်လတွင် အရပ်သားများသည် အသက်မည်မျှကြာအောင် ရှင်သန်ရပ်တည်နိုင်မည့်အရေးကို စိုးရိမ်ကြောင့်ကြခဲ့ရသည်။



# စစ်ကိုင်းတိုင်းဒေသကြီး

အကြမ်းဖက်စစ်တပ်သည် ရှုံးနိမ့်မှုများကို ဆက်တိုက်ရင်ဆိုင်နေရသောကြောင့် အရပ်သားပြည်သူတို့၏ အိုးအိမ်များ၊ ကျေးရွာများကို ရက်ရက်စက်စက် အကြမ်းဖက် တိုက်ခိုက်သည့်အပြင် ကလေးသူငယ်များကိုပါ ဓါးစာခံအဖြစ် အသုံးချခဲ့သည်။ စစ်ကိုင်းတိုင်း ဒေသကြီးတွင် အောင်မြင်နေသော ခုခံတော်လှန်လှုပ်ရှားမှုကို  တုံ့ပြန်သည့်အနေဖြင့် ပြင်းထန်သော ထိုးစစ်ဆင်မှုများ ဆက်လက် ဖြစ်ပွားနေသည်။

အကြမ်းဖက်စစ်တပ်၏ လေကြောင်း တိုက်ခိုက်မှုအတွင်း အရပ်သား နှစ်ဦး ထပ်မံ သေဆုံးခဲ့သည်။ မျက်မြင်သက်သေတစ်ဦး၏အဆိုအရ “ဆိုင်ကယ်စီးလာသည့် ရွာသားတစ်ဦး၏ ဦးခေါင်းကို ထိမှန်ခဲ့ပြီး မီးထဲတွင် သက်ကြီးရွယ်အိုတစ်ဦး ပိတ်မိနေခဲ့သည်။” စစ်သားများသည် ရွာတွင်းသို့ဝင်လာပြီး အိမ်ခြေ ၂၀၀ နီးပါးကို မီးရှို့ခဲ့သည်။ ဤသို့ အကြမ်းဖက်တိုက်ခိုက်မှု မတိုင်ခင်တွင်  စစ်တပ်မှ ရွာနီးချုပ်စပ်တွင်  လူကိုးဦးကို သတ်ဖြတ်ခဲ့ပြီး မူလတန်းကလေး ၈၀ ကျော်ကို လူသားဒိုင်းအဖြစ် ၃၆ နာရီကြာ ဖမ်းဆီးထိန်းသိမ်းထားခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ထိုးစစ်ဆင်မှုများကြောင့် အရပ်သားတို့၏ စားဝတ်နေရေး ထိခိုက်ပျက်ဆီးခဲ့သည်။ အတိုက်အခံ တော်လှန်ရေးအင်အားစုများကို ချေမှုန်းရန် အကြမ်းဖက်စစ်တပ်သည် လေကြောင်းနှင့် မြေပြင်မှ တိုက်ခိုက်မှုများကြောင့် ရွာများ ပျက်ဆီးခဲ့ရသည်။ စစ်အာဏာရှင်သည် ၎င်းတို့ရှင်သန်ရပ်တည်နိုင်ရန်နှင့် တော်လှန်ရေးမှ လူများကို အာရုံလွဲရန် အကြောက်တရားဖြင့် နှိမ်နင်းသည့် နည်းဗျူဟာများကို ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်နေသည်။

ကမ္ဘာလုံးဆိုင်ရာ လက်နက်ရောင်းချမှု ပိတ်ပင်ရေးကို နိုင်ငံတကာ အသိုင်းအဝိုင်းမှ ထောက်ခံပြီး ချက်ချင်းအကောင်အထည် ဖော်ရမည်ဖြစ်သည်။



# ရှမ်းပြည်နယ်

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၂၀၂၂ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် လေကြောင်းတိုက်ခိုက်မှုနှင့်တိုက်ပွဲများကြောင့် အမျိုးသမီးများနှင့် ကလေးသူငယ်အများစု ပါဝင်သော စစ်ဘေးရှောင်များတိုးလာနေသည်။ တိုက်ပွဲများကြောင့် ဒေသခံအရပ်သားများသည် နီးစပ်ရာကျေးရွာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ရှမ်းပြည်တောင်ပိုင်း ကရင်နီနယ်စပ် တစ်လျှောက်တွင် တိုက်ပွဲများဖြစ်ပွားနေသည်။

တိုက်ပွဲများ အရှိန်မြင့်လာချိန်မှစ၍ မိုးဗြဲမြို့အနီး ပစ်ခတ်မှုအတွင်း အရပ်သား ၁၀ ဦးထက်မနည်း သေဆုံးခဲ့သည်။ သေဆုံးသူများထဲတွင် အာဏာဖီဆန်ရေးလှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ဆရာဝန်နှစ်ဦးလည်း ပါခဲ့သည်။ တိုက်ပွဲများကြောင့် ဖြစ်ပေါ်လာသော မလုံခြုံမှုများနှင့် မတည်ငြိမ်မှုများသည် လွတ်မြောက်ရန် ခက်ခဲစေသည်။ ကရင်နီလူ့အခွင့်အရေးအဖွဲ့၏ အဆိုအရ တိုက်ပွဲ ကိုးရက်အတွင်း မိုးဗြဲမြို့မှ လူ ၂၀,၀၀၀ ကျော်နှင့် နန်းမယ်ခုံမြို့မှ ၁၀,၀၀၀ ကျော် အိုးအိမ်စွန့်ခွာ ထွက်ပြေးခဲ့ရပြီး စုစုပေါင်း စစ်ဘေးဒုက္ခသည် ဦးရေ ၂၀၀,၀၀၀ နီးပါးအထိ ရှိလာသည်။ ရှမ်းပြည်နယ်တောင်ပိုင်းသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သော  ဒေသခံ ၂,၀၀၀ ခန့်သည် လွိုင်ကော်မြို့သို့ ပြန်လာနေကြသည်။ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ နောက်ဆုံး ကိန်းဂဏန်းများ အရ ရှမ်းပြည်နယ်တွင် ပြည်တွင်း ရွှေ့ပြောင်း ဒုက္ခသည် ၆၀,၅၀၀ ရှိသည်။

# နေ့စဉ်အလိုက် မှတ်တမ်းများ

ဖေဖော်ဝါရီလကုန် -မတ်လ ပထမပတ်
ဖေဖော်ဝါရီ ၂၈- မတ်လ ၆ ရက်နေ့ထိ

## ဖေဖော်ဝါရီလ

**၂၈** ကလေးများကို ဓားစာခံအဖြစ် စစ်အစိုးရက ဖမ်းဆီးခြင်းနှင့်ပတ်သက်၍ လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ အာရှဒေသဆိုင်ရာ လက်ထောက်ညွှန်ကြားရေးမှူး Phil Robertson မှ စစ်အာဏာရှင်သည် လုံးဝ အပြစ်ပေးခံရခြင်းမရှိဘဲ ချိုးဖောက်နေသည်ဟု ပြောကြားခဲ့သည်။

## မတ်လ

**၁** Burma Campaign UK အပါအဝင် လူ့အခွင့်အရေးအဖွဲ့ များသည် မြန်မာစစ်အာဏာရှင်နှင့် ဆက်စပ်နေသော  Honeywell နှင့် Telegram ကုမ္ပဏီများကို ‘ အမည်ပျက်စာရင်း’ သွင်းကြောင်း ထုတ်ပြန်ခဲ့သည်။

**၂** စစ်အာဏာရှင်ဆန့်ကျင်ရေးကြောင့် ဖမ်းဆီးထိန်းသိမ်းခံထားရသော မြန်မာနိုင်ငံမှ  နာမည်ကြီးအနုပညာရှင်များသည် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာခဲ့သည်။ တရားမျှတမှုမရှိဘဲ ချုပ်နှောင်ခံထားရသော အနုပညာရှင်များစွာ ရှိနေဆဲဖြစ်ပြီး  ၎င်းတို့ကို အစတည်းမှ ဖမ်းဆီးခြင်းမပြုသင့်ပါ။

**၃** ကုလသမဂ္ဂလုံခြုံရေး ကောင်စီ၏ အထူးအရေးပေါ်အစည်းအဝေးတွင် ရုရှားမှ ယူကရိန်းကို  ကျူးကျော်မှုကြောင့် အပြင်းထန်ဆုံးရှုတ်ချရန် မဲခွဲရာတွင် မြန်မာကိုယ်စားလှယ် ဦးကျော်မိုးထွန်းသည် ထောက်ခံမဲပေးခဲ့သည်။ သို့သော်လည်း အကြမ်းဖက်စစ်အာဏာရှင်သည် ရုရှား၏လုပ်ရပ်ကို ထောက်ခံကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

**၄** အသတ်ခံရသူ အရေအတွက် ဆက်လက်တိုးလာနေသောကြောင့် ငြိမ်းချမ်းစွာ ဆန္ဒပြသူ ၄၀ နီးပါးကို အကြမ်းဖက်စစ်တပ်မှ သတ်ဖြတ်ခဲ့သည့် တနှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဆိုရှယ်မီဒီယာတွင်အောက်မေ့ဖွယ်အမှတ်တရကို တိတ်ဆိတ်စွာကျင်းပခဲ့သည်။

**၅** ချင်းလူ့အခွင့်အရေးအဖွဲ့၏  အစီရင်ခံအရ အသက် ၄၈ နှစ်အရွယ် သင်းအုပ်ဆရာတစ်ဦးသည် အကြမ်းဖက်စစ်တပ် မြှုပ်ထားသည့် မြေမြှုပ်မိုင်းကို နင်းမိပြီးနောက် ခြေထောက်ပြတ်သွားသည်။

**၆** အာဏာသိမ်းမှု ကြောင့် မြန်မာပြည်သူလူထုအပေါ် ကြီးမားသော အကျိုးသက်ရောက်မှုများ ရှိလာခဲ့ပြီး မြန်မာ့ အစားအစာ၏ အဓိက စားနပ်ရိက္ခာဖြစ်သည့် ဆန်စျေး ၃၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ရောဝတီမှ ဖော်ပြသည်။



လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

https://nd-burma.org/

https://twitter.com/NDBurma/

https://facebook.com/theNDBurma